# မူကြိုသွားဖို့အတွက် အိမ်ကနေထွက်ခွာလာခြင်း

Lesley Koyi, Ursula Nafula
Brian Wambi
Naw Thazin Hpway
3
မြန်မာဘာသာ my

ကျွန်တော့ရဲ့ရွာမှာရှိတဲ့ ဘတ်စ်ကားဂိတ်သေးသေးလေးဟာ လူတွေနဲ့ ရှုပ်နေပြီးဘတ်စ်ကားတွေကလည်း လူတင်ထားတာအလွန်အကျွံများပြားနေပါတယ်။ အောက်မှာဆိုရင် ပစ္စည်းတွေနဲ့ ပိုပြီးလေးလံနေပါတယ်။ လက်မှတ်ရောင်းသမားတွေကလည်း သူတို့ရဲ့ ဘတ်စ်ကားသွားမယ့်နေရာတွေရဲ့အမည်ကို အော်နေပါတယ်။

“မို့ကြို၊ မို့ကြို၊ အနောက်ဘက်ကိုသွားမယ်” ဆိုတဲ့ လတ်မှတ်ရောင်းသမားရဲ့ အော်သံကိုကြားလိုက်ပါတယ်။ အဲ့ဒီရဲ့ ဘတ်စ်ကားဟာ ကျွန်တော်လိုက်သွားရမယ့် ဘတ်စ်ကားဘဲ။

မြို့ကိုသွားမယ့် ဘတ်စ်ကားဟာ ပြည့်ခါနီးနေပါပြီ။ ဒါပေမယ့် လူတွေက တိုးကြိတ်ပြီး တက်နေတုန်းပါဘဲ။ တစ်ချို့က သူတို့ အိတ်ကို ကားအောက်မှာထားပါတယ်။ တစ်ချို့တော့ သူတို့အိတ်ကို ကားပေါ်က တန်းထဲမှာထားပါတယ်။

ခရီးသည်အသစ်တွေဟာ သူတို့ရဲ့လတ်မှတ်ကို ဆောင့်ဆွဲယူ
ပြီး လူတွေနဲ့ပြည့်နက်နေတဲ့ ဘတ်စ်ကားပေါ်မှာ ထိုင်ဖို့နေရာ
လိုက်ရှာပါတယ်။ ကလေးငယ်ပါတဲ့ အမျိုးသမီးတွေဟာ ခရီး
ရှည်တစ်လျှောက်လုံး သူတို့ကလေးကို သက်သောင့်သ
က်သာဖြစ်စေပါတယ်။

ကျွန်တော်ကတော့ ပြောင်းပေါက်နားမှာ ကျုံကျုံလေးထိုင်လိုက်ပါတယ်။ ကျွန်တော့နားမှာ ထိုင်တဲ့သူက ပလတ်စတစ်အိတ်အစိမ်းရောင်ကို ကျစ်ကျစ်ပါအောင် ကိုင်ထားပါတယ်။ သူဟာ ညှပ်ဖိနပ်အဟောင်း၊ စုတ်နေတဲ့ကုတ်အင်္ကျီ ဝတ်ထားပြီးစိတ်လှုပ်ရှားနေပုံပေါပါတယ်။

ကျွန်တော်ဟာ ဘတ်စ်ကားရဲ့ အပေါ်ဘက်ကိုရှိပြီး ကျွန်တော်ကပြေးပြင်းလာတဲ့ ရွာကနေထွက်ခွာလာနေကြောင်း သိနားလည်လိုက်ပါတယ်။ ကျွန်တော်ဟာ မြို့ကြီးကိုသွားနေပါတယ်။

လူတွေတက်တာပြည့်သွားတဲ့အခါမှာ ခရီးသည်တွေဟာ နေရာယူကြပါတယ်။ ခေါင်းရွက်ဈေးသည်တွေကတော့ သူတို့ရောင်းတာတွေကုန်အောင် ဘတ်စ်ကားထဲတိုးဝှေ့ ဝင်နေတုန်းပါဘဲ။ လူတိုင်းက သူတို့ရောင်းတဲ့ပစ္စည်းတွေရဲ့အမည်ကို အော်ဟစ်နေကြပါတယ်။ စကားလုံးတွေကတော့ ကျွန်တော့အတွက် ရှုပ်စရာဖြစ်နေပါတယ်။

အချို့သောခရီးသည်တွေက သောက်စရာတွေကို ဝယ်ပြီးအချို့က မုန့်တွေကိုဝယ်ပြီးဝါးနေပါတယ်။ ကျွန်တော်လိုပိုက်ဆံမရှိတဲ့သူတွေကတော့ ကြည့်ဘဲကြည့်နေပါတယ်။

ဒီလိုလုပ်နေတာတွေကို ကားစထွက်ဖို့အဆင်သင့်ရှိပြီးဆိုတာ သတိပေးတဲ့ ကားဟွန်းတီးတာက ဖျက်လိုက်ပါတယ်။ လက်မှတ်ရောင်းတဲ့သူက ခေါင်းရွက်ဈေးသည်တွေကို မောင်းထုတ်လိုက်ပါတယ်။

ခေါင်းရုက်စျေးသည်တွေဟာ တစ်ဦးကိုတစ်ဦးတွန်းထုတ်ပြီး ကားအပြင်ဘက်ကို ထွက်လာပါတယ်။ တစ်ချို့က ခရီးသွားတွေကို အကြွေပြန်အမ်းပါတယ်။ တစ်ချို့ကလည်း နောက်ဆုံးမိနစ်ထိ သူတို့ပစ္စည်းရောင်းထွက်ဖို့အတွက် ကြိုးစားကြပါတယ်။

ဘတ်စ်ကားဟာ ဘတ်စ်ကားဂိတ်ကနေ ထွက်ခွာလာတဲ့အခါ
ကျွန်တော်ဟာ ပြတင်းပေါက်အပြင်ဘက်ကို ငေးကြည့်ပါတ
ယ်။ ကျွန်တော်ဘယ်တော့မှာ ရွာကိုပြန်ရောက်မလဲဆိုတာကို
တွေးမိပါတယ်။

ခရီးဆက်သွားရင်း ကားအတွင်းပိုင်းက အရမ်းပူလာပါတယ်။ ကျွန်တော်ဟာ အိပ်ပျော်ဖို့အတွက် မျက်စိမှိတ်ထားလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော့်စိတ်က အိမ်ကိုဘဲ ပြန်သွယ်ဆောင်သွားပါတယ်။ အမေလုံခြုံပြုံမလား။ ယုန်ကလေးတွေကော ပိုက်ဆံရပဲ့ပါမလား။ ညီလေးကကော ကျွန်တော့်ရဲ့ အပင်ပေါက်လေးတွေကို ရေလောင်းဖို့အတွက် သတိရပဲ့ပါမလား။

လမ်းမှာ ကျွန်တော်က မှိုမြှာနေတဲ့ ကျွန်တော့်ဦးလေးရဲ့ နေရာ နာမည်ကိုလည်း အလွတ်ကျက်ထားပါတယ်။ အိပ်နေဆဲဘဲ ကျွန်တော်ဟာ မကဘြဲးတကဘြဲးနဲ့ ရေရွတ်နေပါတယ်။

ကိုးနာရီကျော်ကဥြတဲ့အခါမှာ ဆူညံသံတွေ၊ ရွာကိုပြန်ဖို့ခရီးသည်အော်ခေါ်သံတွေနဲ့ ကျွန်တော်နိုးပါတယ်။ ကျွန်တော့်ရဲ့အိတ်သေးသေးလေးကိုယူပီးကြားပေါကနေ ဆင်းချလာပါတယ်။

အပြန်မှာလည်း ဘတ်စ်ကားက အမြန်ပြည့်သွားပါတယ်။ သိပ်မကြာခင် အရှေ့ဘက်ကို ပြန်သွားပါတော့မယ်။ ယခု ကျွန်တော့်အတွက်အရေးကြီးဆုံးက ကျွန်တော့ဦးလေးရဲ့အိမ်ကို စရှာဖို့ဘဲဖြစ်ပါတယ်။

# Global Storybooks

globalstorybooks.net

# မျိုကြိုသွားဖို့အတွက် အိမ်ကနေထွက်ခွာလာခြင်း


Lesley Koyi, Ursula Nafula

Brian Wambi

Naw Thazin Hpway


CC BY